ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No.6 Dong Zhi Men Wai Street, Chao Yang District
Beijing 100600, People's Republic of China
Tel:0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိပညာသင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံသို့ ပြန်လိုသူ နိုင်ငံခြားပညာသင်များ ပြန်လည်ထွက်ခွာနိုင်ရေးနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားခြင်း

၁။ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံအသီးသီးတွင် ပေးဆွဲပျံသန်းလျက်ရှိသည့် ပြည်တွင်း/ ပြည်ပလေကြောင်းခရီးစဉ်များအား ယာယီရပ်ဆိုင်းခြင်းများရှိပါသည်။ ထိုကဲ့သို့ လေယာဉ်ခရီးစဉ်များ ယာယီရပ်ဆိုင်းခြင်းကြောင့် ပညာသင်ကာလပြီးဆုံး၍ ဆက်လက်နေထိုင်ရန် အမှန်တကယ် အခက်အခဲ ကြုံတွေ့နေရသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရောက် နိုင်ငံခြားပညာသင် များ၏ မေတ္တာရပ်ခံချက်အရ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ သတ်မှတ်ဆုံရပ်မြို့ (ကွမ်ကျိုးမြို့ (သို့မဟုတ်) ကူမင်းမြို့) မှ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ကယ်ဆယ်ရေး လေယာဉ် (Relief Flight) ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြထားပါသည်။

၂။ သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး ဆက်လက် နေထိုင်ရန် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဆန္ဒရှိပါက ပေကျင်းမြို့၊ မြန်မာသံရုံး၏ ရုံးဖုန်းအမှတ်များဖြစ်သည့် ၆၅၃၂၀၃၅၁- လိုင်းခွဲအမှတ် (၂၅) နှင့် ၆၅၃၂၀၆၅၃ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ပါကြောင်းနှင့် အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ ပေကျင်းမြို့၊ မြန်မာသံရုံး၏ အီးမေးလ်လိပ်စာ info@myanmarembassy.com သို့ (၇-၇-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ဆောလျင်စွာ စာရင်းပေးပို့နိုင်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည် -

- (က) အမည်
- (ခ) နိုင်ငံကူးလက်မှတ်မိတ္တူ
- (ဂ) ရောက်ရှိနေသည့် အကြောင်းအရင်းဖော်ပြထားသည့် အကြောင်းကြားစာ (မြန်မာသံရုံးသို့ လိပ်မူရေးသားရန်ဖြစ်ပါသည်။)
- (ဃ) တရုတ်နိုင်ငံအတွင်း နေထိုင်ခွင့်ဗီဇာ မိတ္တူ
- (င) ဆက်သွယ်ရမည့် လက်ကိုင်ဖုန်းအမှတ် (Wechat အပါအဝင်) နှင့် နေရပ်လိပ်စာ အပြည့်အစုံ

၃။ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသူ မြန်မာနိုင်ငံသားများအနေဖြင့် သတ်မှတ်ဆုံရပ်မြို့ (ကွမ်ကျိုးမြို့ (သို့မဟုတ်) ကူမင်းမြို့) သို့ မိမိအစီအစဉ်ဖြင့် သွားရောက်ရမည်ဖြစ်ပြီး သတ်မှတ်ဆုံရပ်မြို့ (ကွမ်ကျိုးမြို့ (သို့မဟုတ်) ကူမင်းမြို့) မှ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပြန်မည့်လေယာဉ်စရိတ်အား မြန်မာနိုင်ငံသို့ပြန်မည့် မြန်မာနိုင်ငံသားများမှ ကျခံသွားရမည် ဖြစ်ပါသည်။ Relief Flight ပြေးဆွဲနိုင်မည့်နေ့ရက်နှင့် ဆုံရပ်မြို့အတိအကျကို သိရှိရပါက ဆက်လက်အသိပေးဖော်ပြသွားမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံသို့ Relief Flight ဖြင့် လိုက်ပါမည့်သူများအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီးနောက် Community Based Quarantine တွင် (၂၁) ရက်နှင့် Home Quarantine (၇) ရက် မိမိတို့စရိတ်ဖြင့် နေထိုင်သွားရန် တာဝန်ရှိပါကြောင်းကိုလည်း အသိပေးဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

မြန်မာသံရုံး၊ ပေကျင်းမြို့
၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်